# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဦ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဦရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 7 June 2025 ၁၁၈၄၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဘုံစိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ပိုမိုခိုင်မာသော၊ ပိုမိုကြွံကြံ့ခံနိုင်စွမ်းရှိသော ဘင်းမ်စတက်အသိုက်အဝန်းကို တည်ဆောက်နိုင်မည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်မှု (၂၈)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်)၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

## သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများ လူများကြောင့်ထိခိုက်လျော့နည်းလာမှုကို လူများကပင်ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်

### တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ကြေးမုံ

# မြို့ရွာတည်ငြိမ်အေးချမ်းသာယာရေး ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါအကြမ်းဖက်အဖွဲ့များနှင့် အပေါင်းပါအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားအဖွဲ့အစည်းများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အဓမ္မဆက်ကြေးကောက်ခံခြင်း၊ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူများ၏နေအိမ်များနှင့် အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့်လုပ်ကိုင်လျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် မြို့ရွာလုံခြုံရေးအဖွဲ့များနှင့် အလှမ်းဝေးသောကျေးရွာများ၊ ပတ်ဝန်းကျင်နှင့် တောတောင်များအတွင်း အခြေချခိုအောင်းနေထိုင်ကြပြီး အခွင့်သာသည့်အချိန်တွင် မြို့ရွာများသို့ အလစ်အငိုက်ဝင်ရောက်ကာ ရဲတပ်ဖွဲ့စခန်းများ၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်လေ့ရှိသည့်အပြင် မြို့ရွာများတွင်နေထိုင်ကြသည့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ သူလျှိုဒလန်ဟုစွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်ခြင်းတို့ ပြုလုပ်ကြသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ ထို့ပြင် မြို့ပြများတွင်လည်း အကြမ်းဖက်အဖွဲ့များ၏ အပေါင်းပါများ စိမ့်ဝင်ခိုအောင်းနေထိုင်ပြီး အပြစ်မဲ့ပြည်သူများကို ချောင်းမြောင်းပစ်ခတ်လုပ်ကြံခြင်းများ ပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေလ ၂၂ ရက်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ဝိဇ္ဇာလမ်းထောင့်နေ အငြိမ်းစားသံအမတ်ကြီးတစ်ဦး၏ နေအိမ်ရှေ့တွင် အငြိမ်းစားသံအမတ်ကြီးသည် မြေးဖြစ်သူနှင့်အတူလမ်းလျှောက်နေစဉ် အကြမ်းဖက်သမားနှစ်ဦးက ပစ်ခတ်လုပ်ကြံသောကြောင့် အငြိမ်းစားသံအမတ်ကြီး သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သည့်တရားခံများကို အမြန်ဆုံးရှာဖွေစုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ပူးပေါင်းပါဝင်ကူညီပေးမှုကြောင့် မေလ ၂၃ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်သည့် အကြမ်းဖက်သမားနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဖမ်းဆီးရမိသည့်တရားခံများ၏ထွက်ဆိုချက်အရ လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် အကြမ်းဖက်သမားများကို မြို့နယ်အသီးသီးတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ သုံးဦး စုစုပေါင်း ၁၆ ဦးတို့ကို လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါအကြမ်းဖက်အဖွဲ့ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အကြမ်းဖက်အဖွဲ့ NUG ၏ ထောက်ပံ့စီစဉ်ပေးမှုဖြင့်ဖွဲ့စည်းခဲ့သည်။ အဆိုပါအကြမ်းဖက်အဖွဲ့သည် အင်အားရှစ်ဦးဖြင့် ရန်ကုန်မြို့၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ကိုင်ရန်နှင့် ၎င်းတို့မကျေနပ်သည့် အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်သမားများသည် အကြမ်းဖက်အဖွဲ့ NUG မှ တရားခံပြေး ရည်မွန်၏ခိုင်းစေမှုဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ အထိတ်တလန့်ဖြစ်မှု၊ ကြောက်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်မှ ယခုအချိန်အထိ ရန်ကုန်မြို့တွင် လုပ်ကြံသတ်ဖြတ်မှု လေးကြိမ်ကျူးလွန်ခဲ့သည်။ လုပ်ကြံသတ်ဖြတ်ရာတွင် အကြမ်းဖက်အဖွဲ့ NUG က တစ်ကြိမ်လျှင် ငွေကျပ်နှစ်သိန်းကို NUG Pay မှတစ်ဆင့်ပေးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်မှုကျူးလွန်သူများကို အလျင်အမြန်အရေးယူဆောင်ရွက်နေသကဲ့သို့ အကြမ်းဖက်မှုကို အားပေးကူညီသူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိသည်။ လူဦးရေထူထပ်သော ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွယ်သူများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်မှုကျူးလွန်သူများကို ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီတိုက်ဖျက်ကြရန်လိုအပ်သလို ဆက်စပ်တရားခံများ၊ ကျန်ရှိနေသောတရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးခြင်းဖြင့် ကူညီနိုင်ပါသည်။ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများထိုက်တန်စွာချီးမြှင့်ပေးလျက်ရှိပြီး မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇွန် ၆**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကို ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော်(၁၃၊ ၁၄)ရက်၊ ဝါဆိုလဆန်း(၁၊ ၂)ရက်၊ (၂၀၂၅ ခုနှစ်၊ ဇွန် ၂၃၊ ၂၄၊ ၂၅၊ ၂၆) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း (၃၊ ၄)ရက်၊(၂၀၂၅ ခုနှစ်၊ ဇွန် ၂၇၊ ၂၈ ရက်) သောကြာ၊ စနေနေ့များတွင် ဒုတိယအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်၊ (၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်)၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို စာရင်းသွင်း ၄၄၈ ပါး/ ဦးအနက် ၂၃၀ ပါး/ ဦး ဖြေဆိုကြသဖြင့် ၅၁ ဒသမ ၃၄ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ ဦးအနက် ၄၆၀၅၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၆၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ၆ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ – ၆ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၈၀၀ | ၁၂၆ | ၈၆၇,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃ | ၂၃,၄၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၁၁,၆၁၃ | ၂၀,၉၀၃,၉၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၇၅၉ | ၁,၂၂၄,၈၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၀ | ၄၀,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁၂၄ | ၃၈၄,၄၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

## ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသ၏ ကြီးမားသော အလားအလာနှင့် မိမိတို့၏ ဘုံရည်မှန်းချက်များရရှိအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၏ စွမ်းအားကို အမှတ်ရစေပါသည်။ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ အပြန်အလှန်နားလည်မှုကို အားပေးရန်၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို မြှင့်တင်ရန်နှင့် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ဤအခွင့်အရေးကို ဆုပ်ကိုင်

☆ ရှေ့ဖုံးမှ

လွန်ခဲ့သည့် ၂၈ နှစ်က ယခုကဲ့သို့နေ့မျိုးတွင် ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုး၍ ဘင်းမ်စတက်ကို တည်ထောင်ခဲ့ကြပြီး တန်းတူညီမျှမှုနှင့် မိတ်ဖက်ဆက်ဆံရေးကို အခြေခံသော လက်တွဲကြိုးပမ်းအားထုတ်မှုများဖြင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ရည်ရွယ်သည့် အရေးကြီးသော ပလက်ဖောင်းတစ်ခု အစပြုခဲ့ပါသည်။

မကြာသေးမီက ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့မှု၊ လေးစားရသော ဘင်းမ်စတက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်း၊ ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ နှင့် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုချမှတ်နိုင်ခဲ့မှုနှင့် မိမိတို့ဝန်ကြီးများက ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့မှုတို့ကို မိမိအနေဖြင့် ကျေနပ်စွာဖြင့် ဂုဏ်ယူစွာ ပြန်ပြောင်းအမှတ်ရမိပါသည်။ ဤအောင်မြင်မှုများသည် ဘင်းမ်စတက်လုပ်ငန်းစဉ်ကို ပြန်လည်အားဖြည့်ပေးပြီး ဘင်းမ်စတက်ကို အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့် တက်ကြွ၍ ရလဒ်ကို အခြေပြုသည့် အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းရန် လှုံ့ဆော်ပေးမည်ဟု ယုံကြည်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသ၏ ကြီးမားသော အလားအလာနှင့် မိမိတို့၏ ဘုံရည်မှန်းချက်များ ရရှိအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၏ စွမ်းအားကို အမှတ်ရစေပါသည်။ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ အပြန်အလှန်နားလည်မှုကို အားပေးရန်၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို မြှင့်တင်ရန်နှင့် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ဤအခွင့်အရေးကို ဆုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဘုံစိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ပိုမိုခိုင်မာသော၊ ပိုမိုကြွံ့ကြံ့ခံနိုင်စွမ်းရှိသော ဘင်းမ်စတက်အသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

*****





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

❍ ကာကွယ်ရေးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကိုထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများ လူများကြောင့်ထိခိုက်လျော့နည်းလာမှုကို လူများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ သစ်ပင်များစိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များစုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ “အစကောင်းမှ အနှောင်းသေချာ”ဆိုသည့်အတိုင်း အစကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ “သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်သည်”ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကိုခါးသီးစွာခံစားခဲ့ရကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့်ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❍

○ စာမျက်နှာ ၃ မှ

**သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲမှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာ လေ့လာသိရှိနိုင်**

အသိပညာ၊ အတတ်ပညာများသည် စာအုပ်စာပေများဖတ်ရှုခြင်းအားဖြင့် ရရှိမည်ဖြစ်ပြီး မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ထိန်းသိမ်းရန်လိုအပ်မှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာ လေ့လာသိရှိနိုင်ကြောင်း၊ မည်သည့်အရွယ်ပင်ဖြစ်စေ မိမိတို့တတ်နိုင်သမျှ စာအုပ်စာပေများကိုဖတ်ရှုခြင်းဖြင့် ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သောကြောင့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်ဖတ်ရှုသကဲ့သို့ မိမိတို့ မိသားစုဝင်များ၊ မိမိတို့ ကွပ်ကဲအုပ်ချုပ်ရသူများကိုလည်း စာအုပ်စာပေများဖတ်ရှုစေပြီး အသိပညာများ မျှဝေပေးကြစေလိုကြောင်း၊ အလားတူ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားစေရေး အခြေခံပညာမှစ၍ အဆင့်မြင့်ပညာများ သင်ကြားပြီးဆုံးသည်အထိ တက်ရောက်ကြစေရေး နိုင်ငံ၏တစ်ထောင့်တစ်နေရာမှ အားပေးလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင် ကျွန်းပင် စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင် စိုက်ပျိုးပေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းပျိုးပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၀၄၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၅၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၀၂၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၇၅၈ ပင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၌ ၁၁၉၂၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၇၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၅၇၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၀၉၄ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင်၆၈၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၄၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၀၄၁ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၇၅၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့်တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင် ကျွန်းပင် စိုက်ပျိုးပေးစဉ်။





တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပစဉ်။

❋ ကျောဖုံးမှ

ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### ဦးညွှတ်ဂါရဝပြု

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးပြီး ပြီးစီးသည့်အခြေအနေကို ပို၍ယုံကြည်စိတ်ချမှုရှိအောင်၊ ပြင်ဆင်ဆဲဆောင်ရွက်နေသည်များကို ရေရှည်တည်တံ့အောင်နှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်အတွက် ညှိနှိုင်းဆွေးနွေးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ယနေ့အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိကြောင်း၊ ထို့ပြင် နေအိမ်အဆောက်အအုံ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်းကန်စေတီများ၊ လမ်းတံတားများ များစွာထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အမြန်ဆုံးကယ်ဆယ်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များကလည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကိုကြည့်မည်ဆိုပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့စေလွှတ်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့ကြောင်း၊ အစောဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြောင်း။

- ☆ **ငလျင်ဘေးသင့်ပြည်သူများ၏ နေအိမ်များပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန်** DMC **မှ တွက်ချက်ထားပြီးဖြစ်၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိ၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည်**
- ☆ **ဝန်ထမ်းအိမ်ရာများတွင် ပြိုကျပျက်စီးမှုများအနက် တိုက်များပိကျ၍ အိမ်အသုံးအဆောင်ပစ္စည်းများဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ်အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ**

### ပို့ဆောင်ထောက်ပံ့

ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံတကာသို့ အကူအညီတောင်းခံမှု အကျိုးဆက်အဖြစ် ငလျင်ကြောင့် ဘေးဒုက္ခခံစားနေကြရပြီး ပိတ်မိနေကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးအသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ထောက်ပံ့ရေးပစ္စည်းများအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စာနာထောက်ထားမှုပစ္စည်းနှင့်ဆေးဝါး စုစုပေါင်းတန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစင်းပေါင်း ၁၀၀၊ ရေယာဉ်ပေါင်း ရှစ်စင်းနှင့် မော်တော်ယာဉ်နှစ်စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တို့က ရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာများ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ရသည့်အတွက် အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ စွမ်းစွမ်းတမံ အကူအညီများရရှိခဲ့သည့်အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံးကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယနေ့အထိ စာရင်းများအရ ပြည်တွင်း၊ ပြည်ပစေတနာရှင် ပြည်သူများက လှူဒါန်းမှု လေးကြိမ်အတွင်း ငွေကျပ် ၁၄၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက် စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယား ဝမ် ငါးသန်း၊ အိန္ဒိယ ရူပီး ၁၆ သန်း၊ ထိုင်းဘတ် နှစ်သန်း၊ စင်ကာပူဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀၊ သီရိလင်္ကာ ရူပီး နှစ်သိန်းခွဲ၊ နီပေါ ရူပီး ၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ် တာကာ ၃၁၆၀၊ ဗီယက်နမ်ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှား ရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယား ရီရယ် ၇၁၆၅၀၀၊ လာအိုကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှား ရူဘယ် ၂၆၃၀၀၀ ကျော် ရရှိခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတကာကူညီကယ်ဆယ်ရေး နိုင်ငံ ၂၅ နိုင်ငံနှင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့သည့် နိုင်ငံ ၁၉ နိုင်ငံနှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို နိုင်ငံတော်ကိုယ်စား၊ ပြည်သူများကိုယ်စား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ယခုအစည်းအဝေးတွင် ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံအတွင်း သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ချိန်များတွင် စာနာထောက်ထားမှုစေတနာမေတ္တာ အပြည့်အဝဖြင့် လှူဒါန်းပေးခဲ့ကြသည့် စေတနာရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်ဘေးနှင့်ပတ်သက်၍ လာရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများအလိုက်အဖွဲ့များကို အမှတ်တရ ဂုဏ်ပြုတံဆိပ်များ ပေးပို့ရေးလမ်းညွှန်ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေးပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံများအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုလည်း ပေးအပ်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုစုပေးပို့နိုင်ရေး လျာထားဆောင်ရွက်သွားရန်လိုကြောင်း။

၎င်းအပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လှူဒါန်းသည့် စေတနာရှင် ပြည်သူများ၏ အလှူငွေများနှင့် ပစ္စည်းများရောက်ရှိလာသည့် အပေါ်မူတည်၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် ညွှန်ကြားထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ရောက်ရှိလာသည့် ပစ္စည်းများကို စာရင်းများပြုစုပြီး ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျဖြင့် ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယနေ့အထိရရှိသည့် ပြည်တွင်း အလှူရှင်များ၏ ငွေကျပ် ၁၄၄ ဘီလီယံကျော်နှင့် ပြည်ပအလှူရှင်များ၏ အမေရိကန်ဒေါ်လာငါးသန်းကျော်အပါအဝင် နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကောင်မတီသို့ ရန်ပုံငွေထပ်မံထည့်ဝင်ပေးမှုနှင့် ငလျင်ဘေးသင့်ချိန် အရေးပေါ်ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ထည့်ဝင်ပေးထားကြောင်း။

ယနေ့အထိ သုံးစွဲပြီးသည့်ငွေ စုစုပေါင်း ငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံရှိကြောင်း၊ ထိုသို့ သုံးစွဲရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၄၅ ခုမှ ဝန်ထမ်းနှင့် မှီခိုသူ ၁၃၀၀၀၀ ကျော်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ငပိသုံးလစာ ထောက်ပံ့ခြင်း၊ ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများတွင် ယာယီကျောင်းဆောင်များ ပြုလုပ်ရန် ကြိုတင်ငွေများပေးအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် အထူးအဆောက်အအုံများ ပြင်ဆင်နိုင်ရန် ပေးအပ်ခြင်းများရှိကြောင်း၊ ထို့ပြင် ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးသုံးခုမှ အခြေခံပညာ အထက်တန်း Gradr-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ်သင်ကြားပေးမည့် ဆရာ ဆရာမ ၆၇၂၉ ဦးတို့အတွက် Camp အတွင်း နေထိုင်စားသောက်ရေး စရိတ်များ၊ စာရေးကိရိယာ ဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေး ကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ် ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပါဝင်ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ နေအိမ်များ ပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိကြောင်း၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

### ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်

ဝန်ထမ်းအိမ်ရာများတွင် ပြိုကျပျက်စီးမှုများအနက် တိုက်များပိကျ၍ အိမ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များ ရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ်အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အိမ်ထောင်စုများတွင် ဝန်ထမ်း ၆၀၅ ဦးနှင့် မှီခိုသူ ၁၁၈၁ ဦး စုစုပေါင်း ၁၇၈၆ ဦးစာရင်းအရ သိရှိရကြောင်း၊ ထိုသို့ စာရင်းများကောက်ယူရာတွင် အဆင့်ဆင့် လုပ်ဆောင်ရသောကြောင့် ကြန့်ကြာမှုများရှိသည့်အတွက် ဝန်ကြီးများကိုယ်တိုင် စိစစ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မိုးရာသီအမီဝန်ထမ်းများ လုံလုံခြုံခြုံဖြင့် အမိုးအကာအောက် နေထိုင်နိုင်ရန်အတွက် Prefabricated House/ Office များကို သံရုံးမှတစ်ဆင့် အကူအညီတောင်းခံခဲ့မှုကြောင့် Prefabricated Office အလုံးရေ ၅၀၀ နှင့် Prefabricated House အလုံးရေ ၄၅၀၀ ရရှိပြီးဖြစ်ကြောင်း။

အဆိုပါ ရောက်ရှိလာသည့် Prefabricated House/ Office များ အနက် သုံးပုံ နှစ်ပုံခန့် ဖြန့်ခွဲပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီအနေဖြင့်လည်း ဒီဇယ် ဂါလန် ၇ ဒသမ ၉ သန်းနှင့် ဓာတ်ဆီဂါလန် ခြောက်သန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငလျင်ဘေးအန္တရာယ်ဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သလို အသုံးပြုနိုင်ရေး ထောက်ပံ့ပေးအပ်ခဲ့မှုအပေါ် သယ်ယူပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် စနစ်တကျသုံးစွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ကျန်အလှူရှင်နိုင်ငံများကလည်း ယာယီကျောင်းဆောင်များ၊ ရုံးခန်းများ ပံ့ပိုးကူညီပေးလျက်ရှိကြရာ နိုင်ငံတော်အစိုးရကိုယ်စား၊ DMC အနေဖြင့် ကျေးဇူးများစွာ တင်ရှိမှုကိုလည်း ဆက်လက် ဖော်ပြလိုပါကြောင်း ပြောကြားသည်။ **စာမျက်နှာ ၆ သို့** ❋

**❖ စီးပွားရေးဆိုင်ရာများအနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေးအန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမည်**

**✻ စာမျက်နှာ ၅ မှ**

ဆက်လက် ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် မဏ္ဍိုင်ကြီးသုံးရပ်ကို ထည့်သွင်းဆွေးနွေးသွားကြောင်း၊ အဆိုပါ မဏ္ဍိုင်ကြီး သုံးရပ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေးပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီးခြိုင်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ စသည်တို့ဖြစ်ကြောင်း၊ အဆိုပါသုံးရပ်ကို မိမိတို့အနေဖြင့်၊ DMC အနေဖြင့်လည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပထမမဏ္ဍိုင်နှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ဦးဆောင်မှုဖြင့် ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမှုကာကွယ်ရေးကိစ္စရပ်တွင် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို အားလုံးဝိုင်းဝန်းပြီး အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်နှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင် ပြန်လည်တည်ဆောက်နိုင်ရေးကို လမ်းညွှန်မှာကြားထားကြောင်း၊ မိုခါ၊ ရာဂီမုန်တိုင်းတို့တွင်ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် မူလထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ရမည့် မူဝါဒရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကိုယ်တိုင် ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးချင်း စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့မှုများကို MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များနှင့် နိုင်ငံတော်က ကူညီပြီး ပံ့ပိုးပေးစေလိုသည့် အချက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ထိရောက်စွာ ဆွေးနွေးအဖြေရှာခဲ့ကြောင်း၊ ပျက်စီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် MSME လုပ်ငန်းပေါင်း ၃၀၆ ခု ရှိကြောင်း၊ ပျက်စီးဆုံးရှုံးသွားခဲ့သည်များကို အမြန်ဆုံးပြန်လည်ကုစား၍ လုပ်ငန်းများ လည်ပတ်နိုင်ရေး အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သို့မဟုတ် MSME ရန်ပုံငွေအပြင် ဘဏ်များနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် ငွေကြေးလိုအပ်သည့် လုပ်ငန်းရှင်များအတွက် ပုဂ္ဂလိကဘဏ်များက ငွေကြေးထုတ်ချေးရာတွင် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားလိုကြောင်း။

တတိယမဏ္ဍိုင်နှင့် ပတ်သက်၍ သဘာဝဘေးအလွန် အမျိုးသားအဆင့်အနေဖြင့် နောက်တစ်ကြိမ်မဖြစ်စေရန် စနစ်တကျ စီမံချက်များရေးဆွဲပြီး ဆက်လက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင်နှင့် ငလျင်လှုပ်ခတ်လာမည်ဆိုပါက ပြိုကျပျက်စီးခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ကြရမည့် အဆောက်အအုံများအားလုံးသည် မြေသားစမ်းသပ်မှုအပါအဝင် ရစ်ချ်တာစကေး ၈ အထိ ခံနိုင်သည့်အဆောက်အအုံများဖြစ်စေရန် ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု နှစ်ကြိမ်၊ ငလျင် ကိုးကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်း ၃၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု တစ်ကြိမ်နှင့် တောမီး ကိုးကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှု အနည်းဆုံး နှစ်ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေး အနည်းဆုံး ခုနစ်ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေး အနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ကြောင်း၊ မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံး အကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှာ သုံးကြိမ်မှ ငါးကြိမ်နှင့် တောမီးလောင်မှု တစ်ကြိမ်မှ ကိုးကြိမ်အထိဖြစ်ကြောင်း၊ အထက်ပါ အချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သတိပြုကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း ယခုအခါ မိုးတွင်းကာလ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်များလည်း ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် စီမံချက်များအပေါ် တာဝန်ရှိသူများက ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေဘေးနှင့် အတူ မုန်တိုင်းဘေးအန္တရာယ်ကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၀ နှစ်အတွင်း လအလိုက်သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့မှုများကို လေ့လာဆန်းစစ်ပြီး မျက်ခြည်မပြတ် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စောင့်ကြည့်လေ့လာနေရမည် ဖြစ်ကြောင်း၊ လေ့လာကြည့်ရှုရန် European Centre for Medium-Range Weather Forecasts(ECMWF) website-https://www.ecmwf.int၊ National Hurricane Center မှ Global Forecast System(GFS) Website-https://www.ncei.noaa.gov/products/weather-climate-models/global-forecast နှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန Website ဖြစ်သည့် http://www.dmh.gov.mm Website များရှိကြောင်း၊ အဆိုပါ Website များကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရုပ်မြင်သံကြားများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် စဉ်ဆက်မပြတ် သတိပေးထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူများနှင့် ဝန်ထမ်းများ မိုးရာသီတွင် လုံလုံခြုံခြုံ အမိုးအကာအောက် နေထိုင်ရန် ယာယီအားဖြင့် ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း မလုံလောက်သေးဘဲ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင်သာမဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာကော်မတီများနှင့် တာဝန်ရှိသူများကို တင်ပြစေလိုကြောင်း၊ သို့မှသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စာရင်းဇယားများကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် တိတိကျကျဖြစ်ပြီး အချိန်ကုန်မှုမရှိဘဲ အဆင့်ဆင့်စိစစ်၍ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ ပြည်သူများ လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေးကိစ္စရပ်များတွင် အတတ်နိုင်ဆုံး အဆင်ပြေစေရေး ရရှိလာသည့် အလှူငွေများ၊ နိုင်ငံတော်က ထည့်ဝင်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်ရှိသည့် လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ စသည်များကို စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေးကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အနှောင့်အယှက်များရှိမည်ဖြစ်သော်လည်း အကောင်းဆုံးကျော်လွှားရမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာများအနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေးအန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း တင်ပြထားသည့် ကိစ္စရပ်များအပေါ် ခွင့်ပြုချက်ရပြီးသည်နှင့် ကူညီထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးနှင့် ရပ်ဆိုင်းသွားသည့် ဘိလပ်မြေစက်ရုံများ အမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ပြည်သူများ စုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော ကိုဗစ်-၁၉ အိုမီခရွန် မျိုးကွဲနှင့် ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများလုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများ လိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန်ကျန်အချက်များ၊ ရေတိုရေရှည် အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့် ပစ္စည်းများအား ကူညီရှာဖွေ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ရုံးများနှင့် ဝန်ထမ်းများအတွက် Prefabricated House/ Office များတည်ဆောက်၍ နေရာချထားပေးမှု၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့်ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုများ၏ မူလတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုး တွက်ချက်ထားရှိမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖြင့် ရုံး၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနများအလိုက် ရုံး၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများအား ပြန်လည်နေရာချထားမှု၊ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာအကူအညီများအား စနစ်တကျ စိစစ်လက်ခံပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု၊ MSME လုပ်ငန်းများ ချေးငွေများရယူနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံရည်ကျိုစက်ရုံများ လည်ပတ်နိုင်မှုနှင့် ပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြန်လည်ထူထောင်ရေးကာလ ၁၈ လအတွင်း သံချောင်းလုံးနှင့် သံမဏိလိုအပ်ချက်များ၊ ငလျင်ဒဏ်သင့်ကျောင်းများနှင့်တက္ကသိုလ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားနေမှု၊ ငလျင်ဒဏ်သင့် ဒေသများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားက လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ဘေးဒဏ်အပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ကူညီနိုင်ရေးကိစ္စရပ်များ ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ၂၉ ဒသမ ၅၂ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်း

**တောင်ကြီး ဇွန် ၆**

၂၉ ဒသမ ၅၂ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်၍ မင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်နှင့် ပတ်သက်၍ မင်းခေတ်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က MoU စာချုပ်ချုပ်ဆိုနိုင်ရေးနှင့် လိုအပ်သည်များရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မြေအသုံးချမှု၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်ကဏ္ဍတို့တွင်လည်း သက်ဆိုင်ရာဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျုံပျော်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခြင်းပြုလုပ်

**ကျုံပျော် ဇွန် ၆**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခြင်း အခမ်းအနားကို ရေနောက်ကျေးရွာ တောင်သူဦးမောင်မြင့်၏ လယ်မြေ ဧက ၂၀ တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



အခမ်းအနားသို့ ကျုံပျော်ခရိုင် စိုက်တိုးမြှင့်အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် စိုက်တိုးမြှင့်အဖွဲ့များ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၊ အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက မျိုးစေ့ချကိရိယာ အသုံးပြုခြင်း၏ အားသာချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှုအား ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC) နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့မှ အလုပ်အကိုင် ၁၂ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၇၁၇ ဦးနှင့် အလုပ်အကိုင်လေးမျိုးအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနလေးခုတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းနှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် စမ်းချောင်းမြို့နယ်ရှိ Star Hospitality and Business Management International College တွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# (၇၅)နှစ်ပြည့် စိန်ရတုမှသည် ရတုအဆက်ဆက်တိုင်မည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးခရီး

၈-၆-၂၀၂၅ ရက်နေ့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅)နှစ် ပြည့်မြောက်မည့်နေ့ဖြစ်သည်။ ထိုနေ့သည် ၇၅ နှစ်တာ စိန်ရတုကာလသမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ လေးစားတန်ဖိုးထားမှု၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ မိတ်ဖက်ပြုမှုတို့၏ အမှတ်သညာတစ်ခုဟု ဆိုနိုင်သည်။

**သျှင်မေ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁ – ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ် မေ ၉ ရက်က Soluex Hotel Moscow ရှိ BEIJING ညှော့ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

တရုတ်နှင့် မြန်မာဟူသည် နီးကပ်သောဆွေမျိုး၊ ရင်းနှီးသောမိတ်ဆွေ၊ တစ်ထပ်တည်းကျသော အဆွေခင်ပွန်းကောင်းပင်။ အိမ်နီးချင်းကောင်းတို့သည် ဆွေမျိုးရင်းချာနှင့်မခြား၊ အချင်းချင်းအကြောင်းကိစ္စကြီး၊ ငယ်မဟူ ဥပေက္ခာမပြု၊ တတ်စွမ်းသမျှ ဖေးမကူမြဲကဲ့သို့ မိတ်ဆွေကောင်းဆိုသည်မှာလည်း အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မျက်နှာလွှဲဖယ်မသွားဘဲ ကိုယ်၊ စိတ်နှလုံး ထပ်တူကျခြင်းတို့ဖြင့် စာနာနားလည်တတ်စမြဲ၊ အတူတကွ ရင်ဆိုင်ဖြေရှင်းပေးစမြဲဖြစ်၏။ တရုတ်နှင့်မြန်မာတို့သည် စေတနာတူညီသည့် အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ယုံကြည်မှု၊ ရိုးသားမှုနှင့် အပြန်အလှန်ချစ်ခင်လေးစားမှုတို့ ထူထောင်နိုင်ခြင်းသည် ရတုအဆက်ဆက်နှောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲစေခြင်း၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

## သံတမန်ဆက်ဆံရေး စတင်ထူထောင်

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်းကို နိုင်ငံရေးစနစ်မတူညီသည့်နိုင်ငံအနေဖြင့် ပထမဆုံးအသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်သကဲ့သို့ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်နိုင်ခဲ့ကြသည်။ သို့ရာတွင် မြန်မာနှင့်တရုတ်တို့၏ ဆက်ဆံရေးသည် ၇၅ နှစ်သာရှိသည်မဟုတ်။

"အေဒီ ၄ ရာစုတုန်းက ကျွန်တော်တို့၏ ဘိုးဘွားများသည် စီချွမ်-ယူနန်-မြန်မာ- အိန္ဒိယကို ဖြတ်သန်းသည့် "ရွှေလမ်း ငွေလမ်း" ကို ဖောက်လုပ်ခဲ့ပြီး ကုန်သွယ်မှုပြုလုပ်ခဲ့ကြပါသည်။ တရုတ်ထန်မင်းဆက်ခေတ်က မြန်မာ ပျူခေတ်မင်းသား ဦးဆောင်သည့် အနုပညာရှင်များအဖွဲ့သည် မိုင်ထောင်ချီခရီးနှင်၍ ချန်အန်းမြို့သို့ လာရောက်ခဲ့ရာ တရုတ်နာမည်ကြီး ကဗျာဆရာ ပိုင်ကျီးယိက ကျော်ကြားလှသည့် "ပျူတေးသံ" ကဗျာကို ရေးစပ်သီကုံးခဲ့ပါသည်" ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင် ကိုယ်တိုင်ရေးသားသည့် **"နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များ"** အမည်ရှိ မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်ဆောင်းပါးအတွင်း ထည့်သွင်းရေးသားထားခဲ့သည်ကို မှတ်သားရဖူးပါသည်။

## တရုတ်သံရောက်မော်ကွန်းတွင် ရေးဖွဲ့ထား

ထို့အတူ **"မိတ်ဆွေဇမ္ဗူ၊ စဉ်စူစိုးအုပ်၊ တရုတ် မြန်မာ၊ မင်းတို့မှာလျှင်၊ ကမ္ဘာရှည် မြဲ၊ မြေမရွေ့သို့၊ နှုတ်တွေ့ခွန်းသေ၊ ထွန်းစိမ့်စေဖြင့်၊ ကျက်သရေသွင်းနှီး၊ စာရင်းထိုးသည်၊ ဆိုမျိုးဆက်စဉ် ဥဒါန်းတည်း။"** ဟူ၍ ကုန်းဘောင်ခေတ် ဝက်မစွတ်မြို့စား ဦးနု (ဒုတိယနဝဒေး) က တရုတ်သံရောက်မော်ကွန်းတွင် ရေးဖွဲ့ထားခြင်းတို့မှာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အိမ်နီးချင်း၊ မိတ်ကောင်းဆွေကောင်းဆက်ဆံရေး၏ ကာလရှည်ကြာသောဆက်ဆံရေးကို ဖော်ညွှန်းခြင်းဖြစ်သည်။

နှစ်ကာလကြာမြင့်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်များ တည်ဆောက်ခြင်းတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနှင့်တရုတ်နိုင်ငံတို့ အပြန်အလှန် အကျိုးပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နိုင်ငံ၏ **"Belt and Road"** အတူတကွ တည်ဆောက်ရေးလမ်းကြောင်းပေါ်ရှိ အရေးပါသည့် နိုင်ငံတစ်ခုဖြစ်သည်။ နှစ်နိုင်ငံမှာ နယ်စပ်ကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်ကြသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကိုလည်း မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ဆောင်ရွက်ပေးခဲ့သည့်အပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

## ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုကို တိုး၍ပို၍တည်ဆောက်နိုင်ခဲ့

စီးပွားရေးအခြေခံကောင်းများ အပြန်အလှန် တည်ဆောက်နိုင်ခဲ့ကြသည့်အပြင် ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံတို့မှာ နိုင်ငံတကာဆက်ဆံရေးတွင် ၁၉၅၄ ခုနှစ်ကတည်းက သဘောတူထားရှိခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ တစ်ဦးနှင့်တစ်ဦး ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုကို တိုး၍ပို၍တည်ဆောက်နိုင်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံက သမိုင်းတစ်ကွေ့တွင် နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံဘက်မှ အပြည့်အဝ ရပ်တည်ပေးခဲ့သည့်နည်းတူ လက်ရှိတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝ ထောက်ခံရပ်တည်ပေးခဲ့သည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲကို အားပေးထောက်ခံခြင်း၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံအား အပြည့်အဝထောက်ခံအားပေးမှုရှိခြင်းတို့ကို မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ရသည်။

**"တရုတ်နှင့် မြန်မာဟူသည် နီးကပ်သောဆွေမျိုး၊ ရင်းနှီးသောမိတ်ဆွေ၊ တစ်ထပ်တည်းကျသော အဆွေခင်ပွန်းကောင်းပင်။ အိမ်နီးချင်းကောင်းတို့သည် ဆွေမျိုးရင်းချာနှင့်မခြား၊ အချင်းချင်းအကြောင်းကိစ္စကြီး၊ ငယ်မဟူ ဥပေက္ခာမပြု၊ တတ်စွမ်းသမျှ ဖေးမကူမြဲကဲ့သို့ မိတ်ဆွေကောင်းဆိုသည်မှာလည်း အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မျက်နှာလွှဲဖယ်မသွားဘဲ ကိုယ်၊ စိတ်နှလုံး ထပ်တူကျခြင်းတို့ဖြင့် စာနာနားလည်တတ်စမြဲ၊ အတူတကွ ရင်ဆိုင်ဖြေရှင်းပေးစမြဲဖြစ်၏။ တရုတ်နှင့်မြန်မာတို့သည် စေတနာတူညီသည့် အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ယုံကြည်မှု၊ ရိုးသားမှုနှင့် အပြန်အလှန်ချစ်ခင်လေးစားမှုတို့ ထူထောင်နိုင်ခြင်းသည် ရတုအဆက်ဆက် နှောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲစေခြင်း၏ အခြေခံအုတ်မြစ်ပင်ဖြစ်"**

စာမျက်နှာ ၉ သို့

# မြန်မာနိုင်ငံအပေါ် ဖိအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သော အိုင်အယ်လ်အို (ILO)၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ခြင်း

(၁၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကျင်းပနေစဉ်ကာလအတွင်း ၅-၆-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံအစိုးရအပေါ် ILO မျက်နှာစာမှတစ်ဆင့် ဖိအားပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်- ၈၇ နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉ တို့ကို လိုက်နာမှုမရှိဟု အကြောင်းပြကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry-CoI) ၏ အကြံပြုချက်များကို မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်စေရန်အတွက် တစ်ဖက်သတ်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ILO ဖွဲ့စည်းပုံနှင့်ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ တစ်ဖက်သတ်ဆောင်ရွက်ခြင်းများသည် ILO ၏ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များပါဝင်သည့် သဘောသဘာဝကို ဆိုးရွားစွာ ထိခိုက်စေသည်။

အဆိုပါဆုံးဖြတ်ချက်သည် သမာသမတ်ကျ မျှတမှုမရှိဘဲ နိုင်ငံရေးဆိုင်ရာ ချဉ်းကပ်မှုများအပေါ်အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့်စပ်လျဉ်း၍ လွဲမှားသည့် အကဲဖြတ်မှုများအပေါ် အခြေခံထားပါသည်။ ယင်းဆုံးဖြတ်ချက်တွင် နိုင်ငံအတွင်း လူမှုရေးနှင့် အလုပ်သမားအခြေအနေကို အမှန်တကယ် ထိခိုက်စေမည့်ဘက်သို့ တွန်းပို့မည့် အစီအမံများဆောင်ရွက်ရန် အဆိုပြုထားခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ILO မျက်နှာစာမှနိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ချက်များသည် အခြေခံအလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အရေးနှင့် ဝင်ငွေပုံမှန်ရရှိမှုအပေါ် ခြိမ်းခြောက်မှုအဖြစ် အသွင်ပြောင်းလဲလာနိုင်ခြင်းနှင့် ကောင်းကျိုးထက် ဆိုးကျိုးပိုမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ILO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အခြေခံကွန်ဗင်းရှင်းလေးခုကို လက်မှတ်ရေးထိုး၍ ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံ၏ အလုပ်သမားများ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ILO အနေဖြင့် မြန်မာနိုင်ငံ၏အပြုသဘောဆောင်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုကာ နိုင်ငံရေးဆန်သော တစ်ဖက်သတ်ဖိအားပေး ဆောင်ရွက်မှုများသည် အခြေခံလူတန်းစား အလုပ်သမားထုအပေါ် ကောင်းကျိုးထက်ဆိုးကျိုးကို ပိုမိုသက်ရောက်စေနိုင်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးအပေါ် ယုံကြည်အားထားစိတ် လျော့ပါးစေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ ILO ၏ မြန်မာနိုင်ငံဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အလုပ်သမားအကျိုးအတွက် အပြုသဘောဆောင်သော အကြံပြုတိုက်တွန်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့အသိပေးလျက်ရှိပါသည်။

သို့ရာတွင် (၁၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံအစည်းအဝေးတွင် အထွေထွေရေးရာကော်မတီနှင့် ညီလာခံတို့က ကွန်ဗင်းရှင်းအမှတ်-၂၉ နှင့် ကွန်ဗင်းရှင်း အမှတ်-၈၇ တို့ကို အသုံးချ၍ နိုင်ငံရေးအရ ဖိအားပေးသော အာတီကယ် ၃၃ ကျင့်သုံးသည့် ဆုံးဖြတ်ချက်အဆိုချမှတ်မှုကို မြန်မာနိုင်ငံကစိတ်ပျက်ရပြီး ပါဝင်ပတ်သက်ခြင်းမရှိကြောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံနည်းတူ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ရပ်တည်၍ အပြုသဘော မိန့်ခွန်းများ ပြောကြားပေးသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအမှတ် - ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် - ၈၇ တို့ကို နိုင်ငံ၏ အလုပ်သမားနှင့် အလုပ်ရှင်များ၏အကျိုးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အလုပ်သမားထု၏ အခွင့်အရေးများဥပဒေနှင့်အညီ တိုးတက်မှုရရှိရေး၊ လူမှုဘဝများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် ILO အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်လက်ထိတွေ့လျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို မထိပါးစေသော ပူးပေါင်းမှုများဆောင်ရွက်မည်ဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန



## လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇွန် ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် SGE Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Super Seven Star Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၈ မှ

ဆက်စပ်၍ ဆိုရိုးစကားတစ်ခုအမှတ်ရမိ၏။ **"You can change friends, but not neighbours"**ဟူ၍ဖြစ်သည်။ မိမိတို့အားလုံးသည် မိတ်ဆွေကို စိတ်ကြိုက်ပြောင်းလဲ ရွေးချယ်ပေါင်းသင်း၍ ရနိုင်သော်လည်း အိမ်နီးချင်းကိုမူ မိမိတို့အကြိုက် စိတ်ကြိုက်ပြောင်းလဲခွင့် မရှိပါ။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စများကြုံတိုင်း အချိန်မဆိုင်း ကူညီပံ့ပိုးပေးတတ်သည့် နှစ်သက်မြတ်နိုးဖွယ်ရာ အိမ်နီးချင်းကောင်းပီသသည့် အလေ့အထကောင်းများစွာကို မိမိတို့ပြည်သူများ ကောင်းစွာသိရှိပြီးဖြစ်သည်။ အနီးစပ်ဆုံးအနေဖြင့်မူ ယမန်နှစ် ရာဂီမုန်တိုင်းတိုက်ခတ်ပြီးချိန်နှင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကြုံတွေ့ခဲ့ရသည့် ပြင်းထန်လှသော မန္တလေးမြေလျှင်ကြီး လှုပ်ခတ်စဉ်ကာလက တရုတ်နိုင်ငံ၏ အကူအညီများပင်ဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပွားပြီး ၁၈ နာရီအတွင်း အလျင်မြန်ဆုံးနှင့် ပထမဆုံး လာရောက်၍ လူသားချင်းစာနာသည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ပေးသည်မှာ အိမ်နီးချင်း ဆွေမျိုးပေါက်ဖော် တရုတ်ပြည်သူ့သမ္မတနိုင်ငံပင် ဖြစ်သည်။

ပူပြင်းလှသည့်အညာနွေ၏ဒဏ်ကို အန်တုရင်း မန္တလေးငလျင်ကြီး၏ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို လူအင်အား၊ နည်းပညာအကူအညီအားကောင်းစွာဖြင့် အသက်ရှင်လျက်ကယ်ထုတ်ပေးနိုင်ခြင်းနှင့် ထိခိုက်သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများကိုလည်း ခက်ခဲပင်ပန်းစွာ ထုတ်ယူပေးရာတွင် နိုင်ငံတကာက ကူညီကယ်ဆယ်ရေးအဖွဲ့များ အနက် အစိုးရနှင့် အခြားအဖွဲ့များမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၅၀၀ အထိ လူအင်အားအများဆုံး ရောက်ရှိအသုံးပြုကာ တရုတ်နိုင်ငံက ကူညီရှာဖွေပေးခဲ့သည်။

အရေးပေါ်ကူညီကယ်ဆယ်ရေးအပြင် ဆေးကုသမှုလိုအပ်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသပေးခြင်း၊ ပြည်သူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲများ၊ ယာယီရုံးများ၊ ခါတ်ဆီ၊ ဒီဇယ်လှူဒါန်းမှုများအပါအဝင် ဆေးဝါးများ၊ ဆေးရုံအသုံးအဆောင်များနှင့် အစားအစာများ အစရှိသည်တို့ကိုလည်း တရုတ်နိုင်ငံ အစိုးရနှင့် အဖွဲ့အစည်းများက လူသားချင်းစာနာမှုဖြင့် လှူဒါန်းပေးကြရာ မြန်မာပြည်သူများအဖို့ အထိုက်အလျောက် ကိုယ်၊ စိတ်နှလုံး သက်သာရာရရှိခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း **"တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံကြောင်း"** ထည့်သွင်းပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကလည်း **"တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲအား အားပေးထောက်ခံလျက်ရှိကြောင်း"** အပါအဝင် နှစ်နိုင်ငံဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့သည်။

တရုတ် -မြန်မာ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် စိန်ရတုအလွန်ကာလ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ချစ်ကြည်မှု၊ ယုံကြည်မှုအားသစ်လောင်း၍ ပိုမိုနက်ရှိုင်းသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်ပါသည်။ နှစ်နိုင်ငံ စီးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုနီးကပ်သည့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းမိတ်ဆွေများအဖြစ် အတူတကွနေထိုင်ရင်း အနာဂတ်နှစ်နိုင်ငံပြည်သူပြည်သားများ၏ အကျိုးစီးပွားကို တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးက အလေးဂရုပြုစရာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းသရုပ်ကို ပေါ်လွင်ထင်ရှားစေမည့် အမှတ်လက္ခဏာအဖြစ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့နေမည်ဟု ယုံကြည်ပါကြောင်း။ ။

❖ **စီးပွားရေးအခြေခံကောင်းများ အပြန်အလှန် တည်ဆောက်နိုင်ခဲ့ကြသည့်အပြင် ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံတို့မှာ နိုင်ငံတကာဆက်ဆံရေးတွင် ၁၉၅၄ ခုနှစ်ကတည်းက သဘောတူထားရှိခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ တစ်ဦးနှင့်တစ်ဦး ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုကို တိုး၍ပို၍တည်ဆောက်နိုင်ခဲ့**

❖ **တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် စိန်ရတုအလွန်ကာလ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ချစ်ကြည်မှု၊ ယုံကြည်မှုအားသစ်လောင်း၍ ပိုမိုနက်ရှိုင်းသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲများ ကျင်းပ



**နေပြည်တော် ဇွန် ၆**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။







ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

၁။ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်မှာ ချမှတ်ထားတဲ့ဥပဒေကို လိုက်နာစောင့်ထိန်းတဲ့အနေနဲ့ ကျွန်တော်ဒီစစ်မှုထမ်းသင်တန်းကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁၁) ထိ ရောက်လာခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် အများကြီးအကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်။ ရှေ့မှာလည်း သင်တန်းဆင်းသွားတဲ့နောင်တော်တွေက အမှတ်စဉ် (၁၀)ထိ ရှိသွားခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် ကျွန်တော်တို့ အကောင်းဆုံးတာဝန်ကျေအောင် ထမ်းဆောင်သွားပါမယ်လို့ ကတိပြုပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ခံယူချက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတဲ့အသိစိတ်ဓာတ်နဲ့ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ပညာရပ်တွေကို ကျွန်တော်တို့ တတ်မြောက်သွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခင်အမြဲတမ်းတာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တော်တွေ ညီတော်အစ်ကိုတော်တွေနဲ့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းတွေ အတူတကွလက်တွဲဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။

၃။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ရည်ရွယ်ချက်ကတော့ အဖျက်အမှောင့်သမားတွေရဲ့ရန်ကနေ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ပေးနိုင်ဖို့အတွက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်သူ့သားကောင်းတစ်ယောက်အနေနဲ့ မိမိကိုယ်ကိုဂုဏ်ယူချင်လို့ပါ။ တာဝန်ကျမယ့်တပ်ရင်းတပ်ဖွဲ့ကို ရောက်တဲ့အခါ ကျွန်တော့်တိုင်းပြည်၊ ကျွန်တော့်လူမျိုးအတွက် ကျွန်တော့်အသက်နဲ့ ခန္ဓာကိုယ်ကို ပေးဆပ်ပြီးတော့ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဘယ်လိုနေရာမျိုးမှာပဲ တာဝန်ကျကျ၊ ဘယ်လိုနေရာမျိုးကိုပဲ သွားရသွားရ ကျွန်တော်သွားမှာပါ။ တာဝန်ထမ်းဆောင်ရမယ့်ကာလ နှစ်နှစ်ကိုလည်း ကျွန်တော်ပြီးမြောက်အောင် ထမ်းဆောင်သွားမှာပါ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံတစ်ဝန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲများကျင်းပမှု မြင်ကွင်း



















# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ




နေပြည်တော် ဇွန် ၆

နေပြည်တော်အတွင်းရှိ ဟိုတယ်ဇုန်ဧရိယာများအတွင်း စိမ်းလန်းစိုပြည်စေရေး၊ အရိပ်အာဝါသကောင်းမွန်စေရေး၊ သစ်တောပြုန်းတီးမှုကို ကာကွယ်ထိန်းသိမ်းအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၃) ပတ်ဝန်းကျင်၌ ကျင်းပသည်။

ဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်လျက်ရှိသောနေရာများ၌ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃၃)အနီးပတ်ဝန်းကျင်ရှိ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသော ဘာရာတဲများအနီး သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်၊ မဟော်ဂနီပင်၊ ပျဉ်းကတိုးပင်နှင့် ယမနေပင်၊ ဆီသပြေပင်၊ စစ်ပင်၊ စိန်ပန်းပင်နှင့် ခရေပင်များကို တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြင်ဦးလွင် ဇွန် ၆

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်အဆင့် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ် (၄၀) မြို့ရှောင်ကားလမ်း မိုင်တိုင်အမှတ် (၄/၀) အနီး၊ ညောင်နီ-ပိန္နဲကုန်းသွား ကားလမ်းဘေး၌ ကျင်းပသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးက ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးက လူမှုရေး အသင်းအဖွဲ့များအားလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ-၂က ရွာသူ ရွာသားများအားလည်းကောင်း စိုက်ပျိုးသစ်ပင်များ ပေးအပ်ကြသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ချယ်ရီပင် ၇၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နည်းပညာတက္ကသိုလ် (တောင်ငူ)၌ မိုးရာသီ အကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တောင်ငူ ဇွန် ၆

နည်းပညာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ တောင်ငူခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းသူနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲဝင်း ဦးဆောင်ကာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသက်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်နှင့် နည်းပြဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းမပင်၊ မအူလက်တံရှည်ပင်၊ မန်ကျည်းပင်၊ စိန်ပန်းဝါပင်၊ ပေါက်ပန်းဖြူပင်နှင့် ပိတောက်ပင် ပျိုးပင်ပေါင်း ၅၁၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

ဇော်ကိုကို (တောင်ငူ)

# ရေတာရှည်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရေတာရှည် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် သပြေတန်းကျေးရွာအဆင့်မြင့်လယ်ယာ ဧက ၁၂၀ ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ထားသည့် ကုန်ထုတ်လမ်းများ၌ ကျင်းပည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရေတာရှည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို မြို့နယ်အဆင့်တာဝန်ရှိသူများထံ ပေးအပ်၍ ဒန့်သလွန်ပင် ၁၈၀နှင့် ပေါက်ပန်းနီပင် ၁၇၀ ပျိုးပင်ပေါင်း ၃၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒိုက်ဦးမြို့နယ်၌ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြ

ဒိုက်ဦး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာရှိ တောင်သူ ဦးစိုးလှိုင်၏လယ်မြေ ၁၀ ဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်ပင်) ထည့်သွင်းခြင်းကို ဇွန် ၅ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်သည်။



အဆိုပါ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း အခမ်းအနားသို့ ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်သိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသော တောင်သူများအား တာဝန်ရှိသူများက ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) စိုက်ပျိုးထည့်သွင်းရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်( ပြန်/ဆက်)

# ချောင်းသာမြို့၌ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ အခြေခံစစ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ချောင်းသာ ဇွန် ၆

ဧရာဝတီတိုင်း ဒေသကြီး ချောင်းသာမြို့၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ အခြေခံစစ်ပညာ သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ပစ်ခတ်စဉ်မပါ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချောင်းသာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ဒေသလုံခြုံရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ သင်တန်းဆင်း အမှာစကား ပြောကြားပြီး ကံကြီးတပ်စခန်းမှူး ဗိုလ်မှူးဆန်းယုအောင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းထူးချွန်ဆုများနှင့် စားရေရိက္ခာများကို ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို လေးပတ်ကြာ ဖွင့်လှစ်သင်ကြားရာ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ နေထိုင်ရန် ဘာရှာလိုင်းခန်းနှင့် Container House များ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အင်အားပြင်းငလျင်ဒဏ်ကြောင့် အိမ်ရာထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံးဧရိယာအတွင်း၌ တည်ဆောက်လျက်ရှိသည့် ဘာရှာလိုင်းခန်းများ၊ Container House များ ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုသို့ကြည့်ရှုစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အဆောက်အအုံများ၏ ခိုင်ခံ့မှု၊ ရေမီးရရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးတို့နှင့် မိုးရာသီကာလ၌ ရေစီးရေလာကောင်းမွန်ရေး၊ ရာသီဥတုဒဏ်ခံနိုင်သော အဆောက်အအုံများဖြစ်စေရေး၊ ဝန်ထမ်းများ နေထိုင်စားသောက်ရာတွင် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် အစီအမံများရေးဆွဲရေး၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရေး တို့ကိုမှာကြားခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ သိရသည်။



**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ အောင်ချမ်းသာရပ်ကွက် စစ်ကိုင်းဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ထားမှုနှင့် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၊ ပိုးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်နှင့် အမှတ်(၁)နှင့် အမှတ်(၂)ထူပါရုံကျောက်စာတိုက် အဆောက်အအုံတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှုနှင့် ယာယီစာသင်ဆောင်များ ပြန်လည်ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ စစ်ကိုင်းတောင်ရိုး ပိတောင်ချောင်ကျောင်းတိုက်၊ ထွင့်ခေါင်ရပ်ကွက် မိုးညှင်းကျောင်းတိုက်၊ သောတပန်ရပ်ကွက် သီတဂူ ဗုဒ္ဓတက္ကသိုလ် ပရိဝုဏ်အတွင်းနှင့် သကျဓီတာ သီလရှင်စာသင်တိုက်တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှု၊ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုနှင့် စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုများကို ကြည့်ရှုအားပေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ကျောက်တုံးကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေအနောက်ရပ်ကွက်နှင့် ရဲမွန်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်ဆီးခဲ့သော အန္တရာယ်ရှိသော လူနေအဆောက်အအုံများရှိ ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှု၊ ဖြိုချပြီး အပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုများ၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသက်ကျရုံသီ ကျောက်တော်ကြီးမြတ်စွာဘုရားများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများကို သိမ်းဆည်းထားရှိမှုနှင့် အောင်မြေသာစံမြို့နယ် အမရဌာနီ အရှေ့ရပ်ရှိ ဗောင်းတော်ရ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရေနားပရိယတ္တိစာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အပျက်အစီးများအား တပ်မတော်သားများက ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဘုရားစေတီများနှင့်သာသနိကအဆောက်အအုံများ၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ငှက္ကတောင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ရွှေတောင်ထီးစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ကျောက်တုံးကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများသယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန် ဆိုင်းကြိုးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ ပင်မဓာတ်အားခွဲရုံ(ဘယ်လင်း)ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနိုင်စေရေး အခြေအနေများနှင့် ရှမ်းကန်မြောက်ကျေးရွာရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦးကို ရှာဖွေပေးနိုင်ခဲ့ သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၅ ရက် ညနေ ၅ နာရီမှ ယနေ့ ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံသားအလှူရှင်များနှင့် တရုတ်နိုင်ငံရောက်မြန်မာနိုင်ငံသားအလှူရှင်များက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ အလေးချိန် ၄ ဒသမ ၂၃ တန် ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် အလှူပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်

နေပြည်တော် ဇွန် ၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧက ပန်းတိုင် အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ငကံကောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်း မျိုးသန့်များနှင့် သွင်းအားစုများကို သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အောင်နိုင်တိုးမျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဲဇလီကုန်းကျေးရွာ၌ ဆိုလာစိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေအသုံးပြုသူများထံမှ သင့်တင့်သည့် ရေခွန်ရေခများ ကောက်ခံထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဂျူဒို၊ အလေးမနှင့် လက်ဝှေ့အားကစားအဖွဲ့များလေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)တို့မှ ဂျူဒို၊ အလေးမနှင့် လက်ဝှေ့အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသဆိုင်ရာအားကစားပြိုင်ပွဲများ ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ သက်တမ်းအလိုက် လူသစ်တန်းနှင့် အသက် ၂၀ အောက် ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်ကိုးခု ဆွတ်ခူးရရှိခဲ့ကြသည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) မှ အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ကြေးတံဆိပ်၊ ငွေတံဆိပ်နှင့် ရွှေတံဆိပ်ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသည့် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp) တို့မှ အလေးမအားကစားသမားများနှင့် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုများအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ သုံးဦးသုံးဖလှယ် မှုမှုတတ တာဝန်ကိုယ်စီကျေပွန်မှသာ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ နေထိုင်စားသောက်မှုများနှင့် လေ့ကျင့်မှုများတွင် အခက်အခဲများရှိပါက နည်းပြ/အုပ်ချုပ်သူများထံ သတင်းပို့တင်ပြသွားရန် မှာကြားခဲ့ပြီး အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ သုတေသနလုပ်ငန်းများ အားပေးမြှင့်တင်

နေပြည်တော် ဇွန် ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့ညနေပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်မှူးများ၊ ဒေသသုတေသနခြံ တာဝန်ခံများ၊ သုတေသီပညာရှင်များနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တိုးပွားလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံပုံစံနှင့် သီးနှံစိုက်စနစ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် ရင်ဆိုင်ကျော်လွှားနိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာ ဖော်ထုတ်ပေးရန် လိုအပ်ကြောင်း။

တောင်တန်းဒေသများကို ကိုယ်စားပြုသည့် သုတေသနများ ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးရေးသုတေသနခြံများ၊ စိုက်ပျိုးရေးဦးစီးဌာနခြံများနှင့် မြို့နယ်အသီးသီးတွင် ဆင်းရွှေကြာ-၂ ကို Recurrent Mass Selection ဆောင်ရွက်ရန် လိုအပ်ပြီး ဝါသီးနှံစိုက်ပျိုးရေးအတွက် အားလုံးပါဝင်သော မျိုးစေ့ထုတ်လုပ်ရေး၊ မျိုးစေ့နည်းပညာ၊ အပင်ဦးရေနှင့် အပင်အရွယ်အစား ထိန်းညှိခြင်း သုတေသနများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားအလာကောင်းသည့် ဝါမျိုးလိုင်းများကို ဆက်လက်ဆောင်ရွက်ရမည့် လေ့လာမှုများ ပြုလုပ်၍ မျိုးသစ်ထွက်ပေါ်လာရေး ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တိုင်းဒေသကြီး /ပြည်နယ်မှူးများ၊ ဒေသသုတေသနခြံ တာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်ချက် တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် စာရေးကိရိယာများပေးအပ်

ပခုက္ကူ ဇွန် ၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ဝန်ထမ်းသားသမီး ၃၁ ဦးတို့အား ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၁၀၂၅၀၀၀ နှင့် ဗလာစာအုပ် ၃၁ ဒါဇင်၊ ဘောပင် ၄၄ ဒါဇင်၊ ခဲတံ ၂၂ ဒါဇင် စသည့် စာရေးကိရိယာများကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak တို့ (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။



ထိုင်းဘုရင့် လေတပ်မှ Air Marshal Anurak Romnarak နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

# (၁၀) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th MAF–RTAF Air Working Group Meeting) ကျင်းပ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th MAF–RTAFAir Working Group Meeting)ကို ဇွန် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak တို့က အဖွင့်အမှာစကားများပြောကြားကြပြီး အစည်းအဝေး အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။ ထို့နောက် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (10th MAF–RTAF Air Working Group Meeting)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံလေတပ်မှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အစည်းအဝေးကို အောင်မြင်စွာကျင်းပကြသည်။ ယင်းနောက် အစည်းအဝေးပြီးမြောက်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်းခိုရာ Hotel ၌ တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပသည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (10th MAF–RTAF Air Working Group Meeting) သို့ တက်ရောက်ရန် ထိုင်းဘုရင့်လေတပ်မှ Deputy Chief Of The Air Staff (Operation) Air Marshal Anurak Romnarak ဦးဆောင်သော ကိုးဦးပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ လာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားနှင့် ကမ္ဘာအေးဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ဝန်ကြီးများရုံးသို့ သွားရောက်လေ့လာလည်ပတ်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၅၅ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၂၉၉၅ | ၂၉၁၅ | ၄၅၀၅ | ၃၂၁၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၀ | ၃၂၄၅ |
| 95 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၆၀ | ၃၂၅၅ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၁၅ | ၃၀၄၀ | ၃၂၉၅ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၉၀ | ၂၄၅၅ | ၂၃၉၀ | ၂၄၉၅ | ၂၅၁၀ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၀ | ၂၄၆၅ | ၂၄၆၅ | ၂၅၃၅ | ၂၅၀၀ | ၂၅၂၅ | ၂၇၈၀ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | ၄၈၃၀ | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | - | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၉ | ၂၇၆၆ |
| 95 Ron | ၂၇၂၇ | ၂၈၁၅ |
| HSD (500 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (50 ppm) | ၂၇၈၂ | ၂၈၆၇ |
| HSD (10 ppm) | ၂၇၈၂ | ၂၈၆၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**(မြန်မာစံတော်ချိန် ည ၁၀ နာရီ အချိန်ထုတ်ပြန်ချက်)**

၂၀၂၅ ခုနှစ် ဇွန် ၆ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၃ မိနစ်၊ ၃၂ စက္ကန့်အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၀၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တနိုင်းမြို့၏ အနောက်-အနောက်မြောက်ဘက် ၃၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၆ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၉ ဒီဂရီ၊ အနက် ၈၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# မုံရွာမြို့၌ e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် e-Government လူ့စွမ်းအား အရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးခိုင်ထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပြီး သင်တန်းတွင် ထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ပါမောက္ခချုပ်က e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေး သင်တန်းအကြောင်း အရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက သင်တန်းနည်းပြနှင့် လက်ထောက်နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေး သင်တန်းသို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မြတ်လူမွန် ကျောင်းသားအိပ်ဆောင်၊ မြစံပယ်နှင့် မြမဉ္ဇူ ကျောင်းသူ အိပ်ဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် နေရာချထားမှုတို့ကို လည်းကောင်း၊ တစ်ထပ်စာသင်ဆောင်များ ပြုပြင်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို လည်းကောင်း၊ ပြန်လည်ပြုပြင် နေရာချထားပြီးသော ကွန်ပျူတာစာသင်ခန်းနှင့် ပြုပြင်ဆဲ ကွန်ပျူတာခန်း တို့ကိုလည်းကောင်း၊ သက်ဆိုင်ရာ၏ အပြောင်းအဆင့် သတ်မှတ်ချက်ဖြင့် အသေးစားပြုပြင် ဆောင်ရွက်ရမည့် သုံးထပ်ဆောင် စာသင်ခန်းများနှင့် သန့်စင်ခန်းများကိုလည်းကောင်း၊ ဝန်ထမ်းများ နေရာချထားပေးသည့် အဆောင်များနှင့် တည်ဆောက်ဆဲ Prefabricated Modular House များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် လျှောင်ဒဏ်သင့် စစ်ကိုင်းမြို့နယ် သမဝါယမ အသင်းစုရုံးနှင့် မြို့နယ်သမဝါယမ ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး စကားပြောကြားသည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသို့ သွားရောက်၍ ယာယီရုံး ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေ၊ ဝန်ထမ်းမိသားစုများ နေထိုင်ရန် Prefabricated Modular House များ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ လျှောင်ဒဏ်သင့် ကျောင်းခြံစည်းရိုး ပြန်လည်ရှင်းလင်း ဆောင်ရွက်ထားမှု၊ စာသင်ခန်း မျက်နှာကြက်များ ပြုပြင်ပြီးစီးမှု၊ ကွန်ပျူတာ စာသင်ခန်းအတွက် ဆိုလာတပ်ဆင်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မကြာမီ ဖွင့်လှစ်တော့မည့် သမဝါယမ စာရင်းရေး၊ စာရင်းကိုင် ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများအား ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမကောလိပ်သို့ သွားရောက်၍ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ပင်မဆောင် အခြေအနေနှင့် ဆက်လက်ရှင်းလင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အေးချမ်းစွာ ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်စံပြကျေးရွာသို့ သွားရောက်ပြီး စိုက်ပျိုးရေး သမဝါယမအသင်း ရှစ်သင်းမှ တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးနှင့် မိုးဝါပန်းတိုင် အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ အောင်မြင်အောင် စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထွက်တိုး စပါးမျိုးများဖြစ်သော အောင်နိုင်တိုး၊ GW-11၊ ရောပဒေသာမျိုးများကို လည်းကောင်း၊ အထွက်တိုးဝါမျိုးများဖြစ်သည့် RAKA-၆၆၆၊ B-31၊ TBI-195 မျိုးများကိုလည်းကောင်း အသင်းသားတောင်သူများထံ ပေးအပ်ကာ ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးမှူးရုံး ဝန်ထမ်းများ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်မည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၆**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနမှ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူများ သိရှိနိုင်ရေးအတွက် ကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးသည်။




ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ဦးဆောင်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်း ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းတို့ကို ထပ်မံချိတ်ဆွဲခြင်းနှင့် စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ အခွန်ဆိုင်ရာအကြောင်း အသိပညာပေးဟောပြော

**ပွင့်ဖြူ ဇွန် ၆**

ပြည်တွင်း အခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူး ကုန်စည်ခွန်များနှင့် ပတ်သက်ပြီး အခွန်ကဏ္ဍတစ်ရပ် ချင်းစီအလိုက် အခွန်ဆိုင်ရာ အကြောင်းအသိပညာပေးရှင်းလင်း ဟောပြောပွဲကို ဇွန် ၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမ ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပွင့်ဖြူမြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဇာလီဖြိုးက အခွန်နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်း အခွန်များဦးစီးဌာနမှ သိရှိလိုက်နာနိုင်ရန် ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ၊ အခွန်ဆောင်ရန် ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို အခွန်ထမ်း ပြည်သူများအား ရှင်းလင်း ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို အသေးစိတ် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။




**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# ပန်းလှိုင်မြစ်ဝ၊ ညောင်တုန်းရေလမ်းတွင် သောင်တူးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေလမ်းပိတ်ထားမည်

နေပြည်တော် ဇွန် ၆

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရောဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ပန်းလှိုင်မြစ်ဝ ညောင်တုန်းရေလမ်းတွင် ရေလမ်းဖွံ့ဖြိုးရေးအတွက် သောင်တူးလုပ်ငန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

သောင်တူးလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း ပန်းလှိုင်မြစ်ဝညောင်တုန်းရေလမ်းကို ပိတ်ထားမည်ဖြစ်သောကြောင့် ရောဝတီမြစ်မှ ရန်ကုန်မြို့သို့ ဝင်ရောက်မည့် ရေယာဉ်များနှင့် ရန်ကုန်မြို့မှ ရောဝတီမြစ်သို့ ထွက်ခွာမည့်ရေယာဉ်များသည် ပန်းလှိုင်မြစ်ကို ဖြတ်သန်းခြင်းမပြုဘဲ တွံတေးတူးမြောင်းမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ အမှတ် (၆)ရပ်ကွက် အောင်မြေသာယာ ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်တွင် ကျင်းပသည်။



ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ယထာဘူတ စာသင်ကျောင်းတိုက် (သုဓမ္မာ)မှ ဘဒ္ဒန္တယသာလင်္ကာရ နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် သာသနရက္ခိတ ကျောင်းဆရာတော် (သုဓမ္မာ) ဘဒ္ဒန္တခေမိန္ဒတို့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲတွင် ဖြေဆိုသံဃာ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း စုစုပေါင်း သံဃာတော် ၂၄၃ ပါး ဝင်ရောက် ဖြေဆိုလျက်ရှိပြီး သီလရှင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း စုစုပေါင်း ၅၄ ပါး ဝင်ရောက်ဖြေဆိုသည်။

အဆိုပါ ပါဠိပထမပြန် စာဖြေသံဃာတော်များနှင့် သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့်အဖွဲ့ဝင်များက အအေးနှင့်ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းလျက်ရှိပြီး စာဖြေသံဃာတော်များနှင့် သီလရှင်များအား ကျန်းမာရေး ဝန်ထမ်းများနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကျန်းမာရေး စောင့်ရှောက်မှုများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ကျေးသီးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

ကျေးသီး ဇွန် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင်ပြီး ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကျေးသီးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း ၇၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၄ ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်း စုစုပေါင်း ၉၆ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၅၅၆ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုင်းငင်း (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ကျောင်းသား ၂၄၉၇၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ

ပွင့်ဖြူ ဇွန် ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရန်အတွက် အခြေခံပညာစာသင်ကျောင်းများအားလုံး ဇွန် ၂ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၉၇၃ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



**တက်ရောက်**

ပွင့်ဖြူမြို့နယ်၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၆၉ ကျောင်းရှိပြီး ယနေ့အထိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၆၆၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၁၀၆ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂၀၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄၉၇၃ ဦးတို့သည် သက်ဆိုင်ရာ ကျောင်းများ၌ စိတ်အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပုဇွန်တောင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူလျက်ရှိ



ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူလျက်ရှိသည်။

ပုဇွန်တောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မူလတန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်း၊ အထက်တန်းကျောင်းလေးကျောင်း စုစုပေါင်း ၁၆ ကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တစ်မြို့နယ်လုံးစာရင်းရှိ ကျောင်းသား ကျောင်းသူ ၂၈၀၇ ဦးတွင် မေ ၂၂ ရက်မှစ၍ ကျောင်းအပ်နှံပြီးစီးသည့် ကျောင်းသား ကျောင်းသူ ၂၈၅၃ ဦးရှိကြောင်း သိရသည်။

**ဟန်စုယဉ်**



# မြို့သစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိ

မြို့သစ် ဇွန် ၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**တက်ရောက်**

မြို့သစ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၉၀၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တစ်ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း ၁၉၂ ကျောင်းတွင် အခြေခံပညာ မူလတန်းအဆင့် ၂၀၂၉၆ ဦး၊ အလယ်တန်းအဆင့် ၈၁၀၉ ဦး၊ အထက်တန်းအဆင့် ၃၇၅၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၂၁၆၁ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ငလျင်အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

ပျဉ်းမနား ဇွန် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ငလျင်အသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပျဉ်းမနားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ငလျင်အသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က အမှာစကားပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငလျင်လှုပ်ခတ်ခြင်း အကြောင်းအချက်ပေးခြင်းနှင့် အတူ ကျောင်းသား ကျောင်းသူများက အဆောက်အအုံနှင့် လွတ်ကင်းရာကွင်းပြင်နေရာများတွင် နေရာယူခြင်းတို့ကို သရုပ်ပြသကြပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခဲ့ကြသည်။

ဆက်လက်၍ ငလျင်အသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး



ဦးစဝီလီဖရန့်က ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ငလျင်လှုပ်နေစဉ်တွင် လိုက်နာရမည့်အချက်များနှင့် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ကိုးဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၆**



နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးနှင့် ကွန်ဂိုနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ကိုးဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထားစာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Assistance to Nationals Officer Mr. James Kevin B. Casalme နှင့် တာဝန်ရှိသူများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကွန်ဂိုသမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Teardkiet Chinsoranant နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

**စစ်ဆေးဖော်ထုတ်**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၀၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

**နေပြည်တော် ဇွန် ၆**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ (၄)လမ်း ကံ့ကော်မြိုင်ရပ်ကွက်နေသူ ကိုကိုနိုင် မှ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ မ---/၂၀/၂၀၂၅ နှစ်အား စီးပွားရေးအဆင်မပြေပါက တရုတ်ယောကျ်ားယူရမည်၊ ငွေကျပ် သိန်း (၅၀) ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ ကြိုတင်ငွေကျပ် ခြောက်သိန်းပေးခဲ့ပြီး မြောင်းမြ-ရန်ကုန်-မူဆယ် သို့ ခရီးသည်တင်ယာဉ်ဖြင့် အဆင့်ဆင့် ခေါ်ဆောင်သွားခဲ့ပြီး ပွဲစားတစ်ဦးနှင့် ချိတ်ဆက်ပေးခဲ့သည်။

အဆိုပါ ပွဲစားမှ ၎င်းအား တရုတ်နိုင်ငံ ရွှေလီမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး တရုတ်အမျိုးသား ချန်ရှောက်ထောင်ထံ ပို့ဆောင်ပေးခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၈) မြို့မရဲစခန်း (ပ)၆၄/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

မဟာအောင်မြေ ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်တွင် တရားခံတရုတ်နိုင်ငံသား ချန်ရှောက်ထောင်(CHEN XIAO YAO) အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကိုကိုနိုင်အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ ထပ်မံတွေ့ရှိသဖြင့် ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၆

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ ဇွန် ၁ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှ ပေါက်မြို့သို့သွားသည့် အများပြည်သူသုံးလမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ယနေ့တွင်လည်း ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူသုံး လမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ကျေးရွာနှင့် ကမ္မမြို့ အကြား ကားလမ်းမဘေးဘယ်ညာတစ်လျှောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများဖြစ်သည့် ကျောက်စည်မိုင်း၊ သံပိုက်မိုင်း၊ ပီပါမိုင်း၊ သံပုံးမိုင်း၊ ငါးဂါလန် ရေပုံးမိုင်း၊ နင်းမိုင်း၊ မြေအိုးမိုင်း၊ ရေသန့်ဘူးကြီးမိုင်းနှင့် ကျောက်ပုံးမိုင်း စုစုပေါင်း ၂၂ လုံး တို့ကို ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်မိုင်းများထောင်ထားသည့် တည်နေရာပြပုံ။



ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရစဉ်။

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဇွန် ၆**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ်အတွင်းရှိ နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး) ကြိုးတံတားသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် မြစ်အတွင်းမျောပါသွားခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး အဆိုပါဒေသရှိ ရေဘေးသင့်ပြည်သူများ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပျက်စီးခဲ့သည့် ကြိုးတံတားအား ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့မှုနှင့် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မော်တော်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများ သွားရောက်ပို့ဆောင်လျက်ရှိသည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယနေ့တွင် အဆိုပါ နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် တလာထု ကျေးရွာ၊ ပန်နန်းဒင်ကျေးရွာနှင့် ရီဒမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူ ၂၅၉ ဦးတို့အား တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် ဆန် ၁၁၅ အိတ်၊ ဆီ ၁၇၅ ပိဿာ၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၃၈၈ ပိဿာ၊ ဆေးဝါးများနှင့် အခြားစားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများသို့ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■









❖ **မုတ်သုံလေမှ**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**၁၁-၆-၂၀၂၅ ရက်နေ့မှ ၁၂-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ**




**၁၃-၆-၂၀၂၅ ရက်နေ့မှ ၁၄-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ**




**၁၅-၆-၂၀၂၅ ရက်နေ့ မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ**




# ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လွိုင်ကော်မြို့မရဲစခန်းရှိ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇွန် ၆**

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်၊ လွိုင်ကော်ခရိုင်တရားသူကြီး ဦးကြည်စိုး၊ လွိုင်ကော်မြို့နယ် တရားသူကြီး ဦးမျိုးသူရတို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီက လွိုင်ကော်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းသို့ သွားရောက်၍ အချုပ်တရားခံများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး၊ နေရာထိုင်ခင်းသက်သာချောင်ချိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံမှု ရှိ/မရှိ၊ ဆေးကုသရန် အခွင့်အရေး ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကိုရီးယားသမ္မတနိုင်ငံကလှူဒါန်းသော ဆန်ရိက္ခာများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကျင်းပ



**စစ်တွေ ဇွန် ၆**

မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် IDP စခန်းများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ လွှဲပြောင်းပေးပို့လာသည့် ပြစ်ဒဏ်မှလွတ်မြောက်လာသူများအား APTERR အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံကလှူဒါန်းသော ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့နယ် မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံး၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြစ်ဒဏ်မှလွတ်မြောက်လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါရုံး၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်ပြီး ဆရာဝန်၊ သူနာပြုများက မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် IDP စခန်းများမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါရုံး၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးမှ လွှဲပြောင်းပေးပို့လာသည့် ပြစ်ဒဏ်မှလွတ်မြောက် လာသူများအား APTERR အစီအစဉ်ဖြင့် ကိုရီးယားသမ္မတ နိုင်ငံကလှူဒါန်းသော ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြစ်ဒဏ်မှလွတ်မြောက်လာသူများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၈၊ ၁၁ (ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်– မြကန်သာ၊ မြေကွက်အမှတ်– ၁၁၇၊ ဧရိယာ (၀.၁၃၄)ဧက၊ အကျယ်အဝန်းအားဖြင့် (၅၈၂၅) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (V–3)၊ ၄၀၊ (၅)လမ်း၊ ၅–ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့မှာ **ဦးတင်လှ [၁၂/လမတ(နိုင်)၀၀၉၅၉၆]နှင့် ဒေါ်စန်းရီ [၁၂/လမတ (နိုင်)၀၀၉၅၅၉]တို့ (၂)ဦး** အမည်ပေါက်လျက်ရှိပြီး ၎င်းတို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ **ဦးမြတ်သူရကျော် [၁၂/ကမတ(နိုင်)၀၇၅၅၇၄]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၀၆၀၇**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့ အခြေခံပညာ အလယ်တန်း(ခွဲ) သရက်ကုန်းကျောင်း Grade –8 မှ (ဘ) ဦးအောင်နိုင်စိုး [၇/ရတရ(နိုင်)၁၀၇၃၂၁]၏သား မောင်ထင်လင်းအောင် အား မောင်လင်းလက်မင်းဟု ပြောင်းလဲခေါ်ပါရန် ။

**မောင်လင်းလက်မင်း**

## ပျောက်ဆုံးကြောင်း

မင်းအောင်ဇော်ထိုက် (ဘ) ဦးသန်းဦး [၁၀/မလမ (နိုင်) ၂၆၆၆၄၄] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (MI582966) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–768103566**

# ပန်းတောင်းမြို့၌ တောရိုင်းမြေများကို စိုက်ပျိုးနိုင်သည့် လယ်ယာမြေအဖြစ် ဖော်ထုတ်၍ မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ




**ပန်းတောင်း ဇွန် ၆**

ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပန်းတောင်းမြို့၌ တောရိုင်းမြေများကို စိုက်ပျိုးနိုင်သည့် လယ်ယာမြေအဖြစ် ဖော်ထုတ်၍ မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ပွဲနှင့် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပန်းတောင်းမြို့နယ်၌ ဇီးကုန်းချောင်းရိုး တိမ်ကော၍ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကတည်းက မစိုက်ပျိုးနိုင်တော့ဘဲ တောရိုင်းမြေအဖြစ် ဖြစ်ပေါ်နေမှုကိုသိရှိခဲ့ရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဇီးကုန်းချောင်းရိုး အရှည်ပေ ၂၁၅၀၀ အား ငွေကျပ် ၈၅ သန်း အကုန်အကျခံ၍ ပြန်လည်တူးဖော်ပေးခြင်း၊ တောရိုင်းမြေဧက ၄၀ ကို ပြန်လည်စိုက်ပျိုးနိုင်သည့် လယ်ယာမြေအဖြစ် စက်ယန္တရားကြီးများဖြင့် တစ်ဧကလျှင်ငွေကျပ် ၁၀ သိန်း အကုန်အကျခံ၍ ထပ်မံဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးခဲ့မှုအပေါ် ဒေသခံတောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကာ မြေလပ်မရှိ အကျိုးရှိရှိစိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းတောင်းမြို့ ပဲကြီးကျေးရွာအုပ်စုမှ တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖော်ထုတ်ပေးခဲ့သည့် လယ်ယာမြေ ဧက ၄၀ နှင့် လယ်ယာမြေဖော်ထုတ်ရာတွင် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့သည့် ဒေသခံတောင်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၈၀ အား ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Recovery Conference For Myanmar Earthquake ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ရေးဆိုင်ရာ Recovery Conference For Myanmar Earthquake ကို ယမန်နေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲတွင် ပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ Mr. Xavier Castellanos, Under secretary General, National Society Development and Coordination တို့က အမှာစကားပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်ပြီး Mr. Alexander Matheou, Regional Director for Asia Pacific, IFRC နှင့် Mr. Regis Savioz, Regional Director for Asia and the Pacific, ICRC တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury တို့က လက်ရှိဆောင်ရွက်နေသော ငလျင်တုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေး အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်မည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။




ထို့နောက် တက်ရောက်လာကြသူများက ငလျင်တုံ့ပြန်ဆောင်ရွက်နေမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ရေးဆိုင်ရာ လိုအပ်ချက်များ၊ စွမ်းဆောင်နိုင်မှုများနှင့် ရည်မှန်းချက်များ၊ ရန်ပုံငွေဖြည့်တင်းပေးမည့် အစီအစဉ်များ၊ ပြန်လည်ထူထောင်ရေး အပိုင်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင်ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီတင်နှင့် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၊ ဒုတိယအထွေထွေ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ညီညီဝင့်နှင့် ဒေါ်သင်းသင်းအောင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ တာဝန်ရှိသူများ၊ မိတ်ဖက်အမျိုးသား ကြက်ခြေနီ အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ONE Friday Fights 111 ပြိုင်ပွဲတွင် ဆွန်ရက် အမှတ်ဖြင့် အနိုင်ရ

**ရန်ကုန် ဇွန် ၆**

ONE Friday Fights 111 ပြိုင်ပွဲကို ဇွန် ၆ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ ဆွန်ရက် အမှတ်ဖြင့် အနိုင်ရခဲ့သည်။

**အသာရခဲ့ခြင်းဖြစ်**

ဆွန်ရက်သည် ပြိုင်ဘက်ဟောင်းဖြစ်သူ ထိုင်းနိုင်ငံသား ပက်ဝီချစ်နှင့်ထိုးသတ်ခဲ့ရပြီး အမှတ်ဖြင့် ထပ်မံအနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဆွန်ရက်သည် ပထမအကြိမ်တွေ့ဆုံရာတွင်လည်း အမှတ်ဖြင့်အနိုင်ရခဲ့ရာ နှစ်ပွဲစလုံး အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွန်ရက်သည် ပက်ဝီချစ်ကို လက်ရည်သိသိသာသာ အသာမရသော်လည်း အမှတ်ရနိုင်သည့် လက်သီးချက်များပြိုင်ဘက်မျက်နှာကို ထိမှန်အောင်ထိုးနိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။

ဆွန်ရက်သည် ONE နှင့် ၁၂ ပွဲမြောက် ထိုးသတ်ရာတွင် ခုနစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ထွဏ်းသွေးအိမ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန နှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) Light Box For Backdrop (1 No)
- (ခ) Solar System (3 Sets)
- (ဂ) Solar System (5 KVA) (4 Sets)
- (ဃ) Network Cable Line များကို Networking Equipment ပြုလုပ်ခြင်း (1 Lot)
- (င) Firewall (Next Gen Firewall) (1 No)
- (စ) ရုပ်တု (ကျား၊ မ) (30 Sets)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၉-၆-၂၀၂၅ ရက်မှ ၂၄-၆-၂၀၂၅ ရက်အထိ) ၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာလက်ခံမည့်ရက် - (၉-၆-၂၀၂၅ ရက်မှ ၂၇-၆-၂၀၂၅ ရက်အထိ) ၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၄။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်း လိုင်စင်မိတ္တူ တင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက် ဝယ်ယူ /တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန် သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘုရင့်ဇီလမ်း၊ အမှတ်(၂၀၁/ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ တတိယထပ်(၄-လွှာ)၊ ဧရိယာ (၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပြည့်မှူးထင် [၁၂/ကတတ(နိုင်)၀၃၀၆၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း [၁၄/မအပ(နိုင်)၀၀၄၃၆၉] မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်ဇီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## (၈-၁၁-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဦးမျိုးမင်းထွန်း (စဉ်-၁၆၈၂၅)၏ အများသိစေရန် ကြေညာခြင်းပါ အချက်နှင့်ပတ်သက်၍ ကန့်ကွက်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာ(မြောက်ပိုင်း)တွင်နေထိုင်သူ ဒေါ်မြမြထွေး (ဘ) ဦးစိန်ကြည် [၁၂/လကန (နိုင်) ၁၈၃၃၄၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ရှင်းလင်း ကြေညာအပ်ပါသည်-

ဖခင် ဦးစိန်ကြည် ကွယ်လွန်ပြီးနောက် မိခင် ဒေါ်အေးသိန်း သက်ရှိထင်ရှားရှိစဉ်အတွင်း မိခင်မှ သမီး ဒေါ်မြမြထွေး အပါအဝင် သား၊ သမီး (၉)ဦးအား (၁၄-၁-၂၀၁၉) ရက်စွဲပါ "မိဘပိုင်ပစ္စည်းများအား မိသားစုစီမံခန့်ခွဲမှုပြု၍ ပစ္စည်းခွဲဝေပေးအပ်လက်ခံခြင်း သဘောတူကတိစာချုပ်"ကို တရားလွှတ်တော်ရှေ့နေ ဦးမျိုးမင်းထွန်းမှ မိသားစုစုံလင်စွာဖြင့် ချုပ်ဆိုကာ ခွဲဝေပေးအပ်ခဲ့၍ သား၊ သမီးများမှ အသီးသီးခွဲဝေရယူခဲ့ကြပြီးဖြစ်ပါသည်။

ထိုအချက်အား ထိမ်ချန်ပြီး ကြေးမုံသတင်းစာတွင် အများထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးတင်ရွှေပါ (၈)ဦး၏ ၈-၁၁-၂၃ရက်စွဲပါ ကြေးမုံသတင်းစာ၏ အများသိစေရန်ကြေညာခြင်းအား ယခုသတင်းစာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ပြန်လည်ပယ်ဖျက်ပေးရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကန့်ကွက်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်မြမြထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၉၅)**
**အမှတ်(၆၆၂)၊ ထန်းတောကြီးလမ်း၊ ဗိုင်း/မြောက်ရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၀၉-၄၂၈၁၂၁၀၈၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်- ၃၄၊ (၁၀) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄၁/ခ) ဟု ခေါ်တွင်သော မြေအကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော ဒေါ်အေးအေးမွန် [၁၂/ထတပ(နိုင်) ၀၇၁၁၉၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်း စုံလင်စွာဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိစိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၀၁)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၂၅၂၀၈၉၄၄၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇+၃၂၊ မြေကွက်အမှတ်-၆၊ အကျယ်အဝန်းဧရိယာ (၅၄၃၁) စတုရန်းပေ၊ ဧရိယာ (၀.၁၂၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၊ ဝေဇယန္တာလမ်း၊ သီရိရတနာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် (၂) ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်ဝင်း [၇/အတန(နိုင်)၀၁၃၀၈၄] (OTN-024429) အမည်ပေါက်လျက်ရှိသော နှစ် (၆၀) ဂရန်မြေကွက် ဖြစ်ပါသည်။ အမည်ပေါက် ပိုင်ရှင် ရောင်းသူမှ မိမိသာလျှင်လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၅ (သစ်ထည်)၊ မြေကွက်အမှတ် - ၃၅၊ အကျယ်အဝန်း (၆၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၃၆၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၈၃) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၃၅၊ ခွာညိုလမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၄) ထပ်တိုက် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဖွဲ့ဖြိုးထွန်း [၁၂/ဥကမ(နိုင်)၂၁၆၇၆၀] အမည်ပေါက်လျက်ရှိသော နှစ် (၆၀) ဂရန် မြေကွက် ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ၊ အ.ထ.က(၁)လသာ၊ Grade-1(A) မှ (ဘ) ဦးအောင်လွင် [၁၄/ဒဒရ (နိုင်)၁၁၉၂၈၅]၏သား မောင်အံ့ဖုန်းခန့်အား မောင်ဖုန်းပြည့်ပိုင် ဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအေးလွင်၏ သား ဦးခန့်ကျော် [၁၂/ဒပန(နိုင်) ၀၅၄၁၅၁] ကိုင်ဆောင်သော သင်္ဘောသားမှတ်ပုံတင်စာအုပ် CDC No.97417သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၀၃၃၁၆၄၄**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၂)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၁၅၅)ဟုခေါ်တွင်သော အလျား×အနံ(၄၀×၆၀)ပေမြေကွက်သည် **ဒေါ်မိမိစိုး** အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီးထိုမြေကွက်ကြီးအနက်မှ(လမ်းဘက်ခြမ်းနှင့်ကပ်လျက်)အလျား×အနံ (၂၀×၆၀) ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက် ပိုင်ရှင်ထံမှအရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်စော(၉/ညဥန(နိုင်)၁၅၁၄၁၆)**မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဖင်မာဦး(၅/ကလထ(နိုင်)၂၄ရရစစ)**မှအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက(၁၇-၆-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း၊မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါကအထက်ဖော်ပြပါ **"နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်"**ကိုဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖင်မာဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၂၆၁၁၀၁၁၃၄**

